(၇) **ဘက်တီးရီးယားရွက်စင်းရောဂါ (Bacterial leaf streak)**

**ရောဂါဖြစ်စေသောသက်ရှိ - *Xanthomonas oryzae pv. oryzicola* (Fang et al. 1957) Swings et al. 1990**

**ရောဂါလက္ခဏာများ**

ရွက်ကြောနှင့်အပြိုင် ရေစိုနာအစင်းများ၊ ရောဂါအနာကွက်များမှာ အလင်း ပေါက်နေသည်ကို တွေ့ရသည်။ ရောဂါပြင်းထန်ပါက အစင်းများ အဝါရောင်မှ လိမ္မော်ရောင် ပြောင်း သွားပြီး အဝေးမှကြည့်ပါက တစ်ခင်းလုံး လိမ္မော်ရောင်သန်းနေသည်ကို တွေ့ရမည်။

  

**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါဒဏ်ခံနိုင်ရည်ရှိသော မျိုးကို စိုက်ပါ။
- ရောဂါကျစိုက်ခင်းမှ မျိုးစေ့ကိုပြန်လည်မစိုက်ပျိုးပါနှင့်။
- ကောက်ပင်စိပ်စိပ်မစိုက်ရ။
- ပုလဲဓာတ်မြေသြဇာကို လွန်ကဲစွာ အသုံးမပြုဘဲ လိုအပ်ပါက အကြိမ်ကြိမ်ခွဲ၍ ကျဲပက်အသုံးပြုပါ။ ပိုတက်ရှ်မြေသြဇာကို မဖြစ်မနေ အသုံးပြုပါ။
- ရေထိန်းနိုင်သောဒေသများတွင် ရေသွင်းရေထုတ်ဆောင်ရွက်ပေးပါ။
- ပေါင်းမြက်များ၊ ကောက်လေများနှင့် စပါးရိုင်းများကို ရှင်းလင်းပါ။
- ရောဂါကျစိုက်ခင်းမှ စပါးရိုးပြတ်များအား ထယ်ထိုးမြေ မြှုပ်၍ မြန်မြန်ဆွေးအောင် ဆောင်ရွက်ပါ။
- ရောဂါကျရောက်ပါက အောက်ပါ ဘက်တီးရီးယားသတ်ဆေးများ ပက်ဖျန်း အသုံးပြုပါ။
    - Kasugamycin (ကာစူဂါမိုင်စင်), Bismerthiazol (ဗစ်မာသီယာဇိုး)

- Copper Oxychloride (ကော့ပါးအောက်ဆီကလိုရိုဒ်),
- Oxolinic Acid (အောက်ဆိုလင်းနစ် အက်စစ်)